# SIAG
BRIMBANK

# သင် ကျွန်ုပ်တို့၏ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ပြီး လူမှုအသိုင်းအဝိုင်းကို အပြောင်းအလဲလုပ်လိုပါသလား။

ကျွန်ုပ်တို့သည် လူမှုရေးဆိုင်ရာ အားလုံးပါဝင်သည့် လှုပ်ရှားမှုအဖွဲ့ (Social Inclusion Action Group – SIAG) ဟုခေါ်သော **ကိုယ်စိတ်နှစ်ပါးကျန်းမာပျော်ရွှင်ရေး၊ ချိတ်ဆက်မှုနှင့် ပါဝင်ပတ်သက်နေမှုကို တိုးမြှင့်ပေးရန်** လူမှုအသိုင်းအဝိုင်းသစ်မှ-ဦးဆောင်သည့် စီမံချက်တစ်ရပ်ကို ဖန်တီးနေလျက်ရှိပါသည်။

**အကယ်၍ သင်သည် Brimbank တွင် နေထိုင်၊ အလုပ်လုပ်၊ ပညာသင် သို့မဟုတ် ကစားပါက ကျွန်ုပ်တို့ သင့်သဘောထားကို ကြားသိလိုပါသည်။**

## သင်၏ သဘောထားသည် အရေးပါသည်။

သင် အထီးကျန်မှု ခံစားခဲ့ဖူးပါသလား။ ပါဝင်ပတ်သက်နေခြင်း၏ အရေးကြီးပုံကို သင် နားလည်ပါသလား။

သင်၏ သဘောထားနှင့် ဘဝအတွေ့အကြုံသည် ပိုမိုချိတ်ဆက်နေသည့် လူမှု အသိုင်းအဝိုင်းတစ်ခု ပုံဖော်ရန် ကူညီပေးနိုင်ပါသည်။

သင်၏ အဖြစ်အပျက်အကြောင်းအရာများ၊ အကြံဉာဏ်များနှင့် ယူဆချက်အမြင်များကို ကျွန်ုပ်တို့ ကြားသိလိုပါသည်။

## SIAG ဆိုသည်မှာ အဘယ်နည်း။

**SIAG** သည် **လူမှုရေးဆိုင်ရာ အားလုံးပါဝင်သည့် လှုပ်ရှားမှုအဖွဲ့** (Social Inclusion Action Group – SIAG) ကို ဆိုလိုသည်။ ၎င်းသည် ဒေသခံလူ များနှင့်ဖွဲ့စည်းထားသည့် Brimbank မှ အုပ်စုသစ်တစ်ခုဖြစ်ပြီး အောက်ပါကိစ္စ တို့ နှင့်ပတ်သက်၍ ရန်ပုံငွေ အား မည်သို့ အသုံးချမည်ကို ဆုံးဖြတ်ချက်ချမှတ်မည့် အဖွဲ့ဖြစ်သည်။

- အားလုံးပါဝင်မှုကို တိုးမြှင့်ပေးရန်။
- အထီးကျန်မှုကို လျှော့ပါးပေးရန်။
- Brimbank တွင် ပါဝင်ပတ်သက်ခြင်းကို ပံ့ပိုးကူညီရန်

## ၎င်းတွင် သင့်အတွက် မည်သည့်အရာပါဝင်သနည်း။

- ကျွမ်းကျင်မှုအသစ်များကို လေ့လာရန်ဖြစ်သည်။
- သင်၏ အတွေ့အကြုံများ၊ ချိတ်ဆက်မှုများနှင့် ဗဟုသုတကို ဝေမျှဖလှယ်ရန်ဖြစ်သည်။
- သင့်အချိန်အတွက် အခကြေးရရှိရန်ဖြစ်သည်။

## သင် မည်သို့ပါဝင်လုပ်ဆောင်နိုင်သနည်း။

SIAG Brimbank နှင့် ပူးပေါင်းရန် **လျှောက်လွှာတင်သွင်းခြင်းများ** ကို **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ အင်္ဂါနေ့အထိ** ဖွင့်လှစ်ပေးထားပါသည်။

သင့်တွင် အတွေ့အကြုံ၊ စိတ်အားထက်သန်မှု ရှိသည်ဖြစ်စေ သို့မဟုတ် တစ်မျိုးတစ်ဖုံ ပြောင်းလဲပေးစေလိုသည်ဖြစ်စေ - ကျွန်ုပ်တို့ သင့်ထံမှ ကြားသိလိုပါသည်။

## စိတ်ဝင်စားပါသလား။

**လျှောက်လွှာတင်သွင်းရန်**၊ ပိုမိုလေ့လာရန် သို့မဟုတ် သင့် လျှောက်လွှာနှင့်ပတ်သက်၍ အကူအညီရယူရန် ကျွန်ုပ်တို့ကို အောက်ပါအတိုင်း ဆက်သွယ်ပါ-

**yoursay.brimbank.vic.gov.au**

**9249 4000**

**siag@brimbank.vic.gov.au**

*Wurundjeri နှင့် Bunurong ဒေသ*

Interpreter **131 450**
Local call costs apply

*သတင်းအချက်အလက်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်ပြီး သင်၏ ဘာသာစကားဖြင့် ဖတ်ရှုနိုင်ပါသည်။*

128 - 0625 | Burmese


Victoria State Government Department of Health က ရန်ပုံငွေ ထောက်ပံ့ပေးထားပါသည်

Brimbank City Council က ပံ့ပိုးပေးထားသည်

လူမှုအသိုင်းအဝိုင်း က ဦးဆောင်သည်